ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား Update ပြုလုပ်ရန်အသိပေးကြေညာခြင်း

သတင်းလွှာ ( ၄/၂၀၁၉ )

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ ၃ ရက်

အကြောင်းအရာ။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပါအချက်များ Update ပြင်ဆင်နိုင်ရေးကိစ္စ

၁။ ကုန်သွယ်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ဖွဲ့စည်းမှတ်ပုံတင်ထားသောကုမ္ပဏီများသို့ ပြည်ပနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်များအား ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

၂။ အဆိုပါကုမ္ပဏီများကို ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ အသစ်ပါပြဋ္ဌာန်းချက်အရ အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO)ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ထားပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်များအား ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို သတင်းလွှာ(၆/၂၀၁၈)ဖြင့် အသိပေးကြေညာခဲ့ပါသည်။

၃။ သို့ရာတွင် အချို့သောကုမ္ပဏီများသည် ကုမ္ပဏီပြန်လည်မှတ်ပုံတင်မှုရှိသော်လည်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တွင် အချက်အလက်များ ပြင်ဆင်လျှောက်ထားမှု မရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ပြီးသော ကုမ္ပဏီများအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပါ

အချက်များအား ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့နောက်ဆုံးထားပြီး Update ပြင်ဆင် လျှောက်ထားမှုကို ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ပြင်ဆင်ခြင်း မရှိသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန